# မြို့ပြပြောက်ကျား စစ်ဆင်နည်း

ဂါမဏိ

## ပြောက်ကျားရဲဘော်

- သတ္တိ၊ ဦးနှောက်၊ ပါးနပ်လည်ဝယ်မှု၊ သံဓိဋ္ဌာန် ခိုင်မာမှု
- လက်ဖြောင့်ခြင်း၊ လက်နက်မျိုးစုံအကြောင်း အခြေခံအားဖြင့် သိနားလည်ခြင်း
- ထိုးထွင်းကြံဆနိုင်စွမ်း (အမှီအခိုကင်းစွာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လုပ်နိုင်စွမ်း)၊ ပေါ့ပါးသွက်လက်စွာ လှုပ်ရှားနိုင်စွမ်း၊ ပြောင်းလွယ် ပြင်လွယ် ဖြစ်မှု၊ ဘက်စုံနှံ့စပ်ကျွမ်းကျင်မှု၊ ဘယ်အနေအထားမဆို ချုပ်ကိုင်နိုင်စွမ်း
- အပင်ပန်း အဆင်းရဲခံနိုင်ရည်၊ ငတ်ပြတ်ခံနိုင်ရည်၊ အမြဲသတိရှိမှု၊ စိတ်ရှည်မှု (ဂျုံးရှူးထိုး မဆင်မခြင် မလုပ် ခြင်း) စိတ်ဓာတ်မကျခြင်း ခြေရာ လက်ရာ သဲလွန်စမချန်ခြင်း
- လှည့်ပတ်ချိုယနဲ့ ရိုးသားမှု
- မျက်နှာအမူအရာ ဟန်ဆောင်ဖုံးကွယ်တတ်ခြင်း၊ ခေါင်းအေးခြင်း၊ စာရွက်စာတမ်း၊ မှတ်ပုံတင်အတုများ ဖန် တီးသုံးစွဲတတ်ခြင်း
- ရန်သူဆီ ပေါ်နေသူ မဖြစ်စေရ
- အခက်အခဲ ရပ်မဆိုင်နိုင်၊ စိတ်မရှည်နိုင်တော့ရင် အနားယူနုတ်ထွက်ပါစေ။

## အနေအထိုင်

* သာမန်လူထက် ပိုမထူးခြားစေရ၊ ပတ်ဝန်းကျင်အခြေအနေနဲ့ ကိုက်ညီအောင် ဝတ်စားနေထိုင်
* ပတ်ဝန်းကျင် လေ့လာအား၊ ရန်သူ့အခြေအနေ လေ့လာအားကောင်းရမည်
* ဖြစ်နိုင်သရွေ့ ပုံမှန်အသက်မွေးဝမ်းကျောင်းအလုပ်လုပ်ပြီးနေ

## ရည်မှန်းချက်

* သုတ်သင်ကွပ်မျက်ရေး
* ဖောက်ခွဲရေးနှင့် ဖျက်ဆီးရေး
* ငွေကြေးဥစ္စာပစ္စည်းသိမ်းယူရေး (၄င်းအားဖြင့် ရဲဘော်တဦးချင်း စားဝတ်နေရေးဖြေရှင်း၊ လိုအပ်သည့် လက် နက်ပစ္စည်းများဝယ်

## အတတ်ပညာပိုင်း ပြင်ဆင်မှု

### အဓိကကျ ကျွမ်းကျင်အောင် လေ့ကျင့်

* လက်နက်ငယ် ကိုင်တွယ်ပစ်ခတ်နည်းနှင့် ဖောက်ခွဲရေး လက်ဖြောင့်ရေး (အဓိက)
* မိုင်းနှင့် ဗုံးလက်တွေလုပ်နည်း
* အမှည့်ချေ တိုက်ပွဲနည်းပညာနှင့် အချက်လုပ်ငန်းနည်းပညာ
* လက်နက်မဲ့ ကိုယ်ခံပညာ
* မြေလျှင်တောင်တက်၊ ရေကူး လှေလှော်၊ ရေငုပ် တောလိုက်
* ကားမောင်းဆိုင်ကယ်မောင်း၊ စက်လှေ မော်တော်မောင်း၊ ယာဉ်စက်ပြင်
* ရေဒီယို တယ်လီဖုန်း ကွန်ပြူတာ၊ ဝေါကီတော်ကီ ဆက်သွယ်ရေး GPS ကျွမ်းကျင်ရေး
* မြေအနေအထားနှင့် အကွာအဝေး ခန့်မှန်းခြင်း မြေပုံဖတ်မြေပုံဆွဲပညာ
* ရှေးဦးသူနာပြုနည်း၊ သာမန် အသေးစား ခွဲစိတ်ကုသနည်း၊ ဆေးဝါးများအကြောင်း
* စာရွက်စာတမ်းအတုလုပ်ငန်း

အဆင့်မြင့် လေ့ကျင့်ရေးစခန်းသို့ အခြေခံလက်တွေ့အလုပ် ဖြတ်သန်းပြီးသူသာ တက်ခွင့်ပေး
လက်နက်ငယ်

* အပေါ့စား စက်သေနတ်ငယ်၊ အေကေဘင်ခေါက် (အဲ့ရှည် ပြောင်းရှည် မသင့်တော်)။ ကျည်ရေသောက်မြစ် စဉ်းစား
* ဥစ ခြောက်လုံးပြူး ပစ္စတိုနှင့် ဆိုင်လင်ဇာ
* လက်ပစ်ဗုံး မီးခိုးဗုံး (ဆုတ်ခွာရေးအတွက်)
* တလုံးပြောင်း (ညတိုက်ပွဲအတွက်) ပြောင်းဖြတ်ထား
* လက်ဖြောင့်ရေးအတွက် လေသေနတ် အမြင်းစား (နံပါတ်တူး သို့မဟုတ် လေထိုး လေသေနတ်) နဲ့ လေ့ကျင့်၊ စနိုက်ပါ အဆင့်ဖြစ်အောင်လေ့ကျင့်
* လက်နက်ပြင်ပညာ တွင်ခံ ပန်းဘဲ
* မိုလိုတော့ဗ် ပုလင်းဗုံး၊ ယမ်းနက်ဗုံး အမိုးနီးယား ဓာတ်မြေသြဇာဗုံး ထုတ်လုပ်ရေးနှင့် ကိုင်တွယ်အသုံးချရေး (ကြာကြာ လှောင်မထားဘဲ အမြန်အသုံးချ၊ အဆင့်မြင့် နိုင်ငံခြားဖြစ်ဗုံးများ ကာလတခု လှောင်ထားနိုင်)
* လိုအပ်တာများ ဝယ်ယူ သို့မဟုတ် သိမ်းယူ လုယူ

## ရန်ပါ ဇစ်ခေါက်တိုင်များ

1. ထောက်ပို့
2. ဆေးဝါး
3. ထောက်လှမ်းရေး
4. ဆက်သွယ်ရေး

## စုဖွဲ့မှု

အဖွဲ့ငယ်တဖွဲ့ကို ၄-၅ယောက်ထား။ အဖွဲ့ငယ် ၂ဖွဲ့ကို တပ်စိတ်တစိတ်၊ ဒီထက်ပိုမြင့်တဲ့ ဖွဲ့စည်းမှု မလုပ်ရန်။ အဖွဲ့ ငယ်အားလုံး အမိန့်ကင်းကင်းလုပ်၊ မဟာဗျူဟာစစ်ဦးစီးဌာနချုပ်၏ သီးခြားညွှန်ကြားချက် မရှိရင် ကိုယ့်ထိုး ထွင်အရှေ့ဆောင်မှုနဲ့ကိုယ် ကြိုက်သလို တိုက်။

## လုပ်ငန်းတာဝန်

ထောက်ပံ့ရေး ။ ။ ယာဉ်၊ ငွေ၊ လက်နက်၊ ခဲယမ်း ဗုံး-မိုင်း

လိုအပ်သလို ဝယ်-သိမ်း-လု

## နည်းဗျူဟာ

* ထိုးစစ်လက္ခဏာ
* အမြန်တိုက် - အမြန်ဆုတ် ရပ်ဆိုင်တိုက်ပွဲနှင့် အဆုံးအဖြတ်တိုက်ပွဲ ရှောင်။ အမြန်အဆုံးသတ်တိုက်ပွဲ တိုက်။
* မဟာဗျူဟာအရ ခြေစစ်

## အားသာချက်

* အလစ်အငိုက်ရ
* မြေအနေအထားပိုင်

* လျှပ်မြန်လှုပ်ရှားနိုင်စွမ်း
* သတင်းထောက်လုပ်ရေးကောင်း
* ပြတ်သားမြန်ဆန်စွာ ဆုံးဖြတ်
* ရန်သူ ပွဲ-ဆက်-ထောက် လမ်းချက်

## ပစ်မှတ်

* ဘဏ်
* စက်မှုလုပ်ငန်း (ကာပစအပါအဝင်)
* စစ်စခန်း စစ်အဆောက်အဦး
* ထောင်၊ ရဲစခန်း
* အစိုးရရုံးဌာန အစိုးရအသင်းအဖွဲ့
* မီဒီယာ (သတင်းစာ၊ အသံလွှင့်ရုံ ရုပ်သံလွှင့်ရုံ)
* အစိုးရယာဉ်ယန္တရား
* လောင်စာဆီ သိုလှောင်ရုံနှင့် ရေနံချက်စက်ရုံ
* သင်္ဘောဆိပ်နှင့် သင်္ဘော
* လေဆိပ်နှင့် လေယာဉ်
* အရေးကြီးပုဂ္ဂိုလ်ဆီးရဲ့ လမ်းကြောင်း
* ပစ္စည်းဆိုဒေါင်နှင့် ကားစခန်းကားဆိုဒေါင်
* ဝန်ကြီး ဗိုလ်ချုပ် အစိုးရနှင့် စစ်တပ်ထိပ်သီး အရာရှိကြီးများ၏ နေအိမ်

## လုပ်ငန်းတာဝန်

· တိုက်ခိုက်ချေမှုန်းရေး
· စီးနင်းတိုးဖောက်ရေး
· စီးနင်းသိမ်းပိုက်ရေး
· မြို့တိုက်ပွဲ
· လမ်းပေါ်တိုက်ပွဲ
· သပိတ်
· လက်နက်ခဲယမ်း သိမ်းလု၊ စစ်ပြေးအားပေး
· ထောင်ဖွင့်
· ကွပ်မျက်သုတ်သင်
· အခွန်ကောက် (မြန်ပေးဆွဲ)
· ဖျက်ဆီးရေး
· ဖောက်ခွဲရေး
· လက်နက်ကိုင်ဝါဒဖြန့်ချိရေး

## တိုက်ခိုက်ချေမှုန်းရေး

အဓိကအားဖြင့် ညဘက်လုပ်၊ ဘဏ်လုတာမျိုးတော့ နေ့မှာသာ ဖြစ်နိုင်၊ မလိုအပ်တဲ့ အကြမ်းဖက်မှု မလုပ်ရန်၊ ပြည်သူလူထုပစ္စည်း သိမ်းယူ လုယက်မှု မလုပ်ရန်

လုပ်ငန်းပြီးရင် ဝါဒဖြန့် ရှင်းလင်း လက်ကမ်းစာရွက် ထုတ်ပြန်ဖြန့်ဝေ

### စီနင်းအရေး

လျှို့ဝှက်စာရွက်စာတမ်းများ ရှာဖွေသိမ်းယူ၊ အဆောက်အဦး ဝင်လမ်း ထွက်လမ်း အားလုံးကြည့်ထား escape plan မရှိဘဲ မလုပ်ရ၊

### လမ်းပေါ်တိုက်ပွဲ

သေနတ်ကိုင် တိုက်ပွဲဖြစ်စေ သေနတ်မဲ့ ဓါး-အုတ်သုံး တိုက်ပွဲ ဖြစ်စေ၊ နှစ်ဖက်ညှပ်တိုက်

### ရေရှည်မြှုပ်နှံ စစ်ပြေး

သေချာစဉ်းစားပြီးမှ ပြေးဖို့ အချိန်ရွေး၊ ဥပမာ၊ ကိုယ့်လူတွေရှိရာဘက် စစ်ဆင်ရေးထွက်ချိန်၊ ရန်သူများ လက် နက်တခြား လူတခြား သတိပေါ့နေချိန် ဖြစ်နိုင်ရင် ကိုယ့်လူနဲ့ ချိတ်ဆက်ချိန်းချက်ပြီး လက်နက်သယ်နိုင်သမျှ သယ်မပြေး၊ ယူမနိုင်ရင် ဖျက်ဆီးဖောက်ခွဲခဲ့။

## မြို့ပြစစ်ပြောက်ကျား စစ်ဆင်နည်း (အပိုင်း ၂)

လျှို့ဝှက်ကွန်ယက်/ကာလပ်စည်းအဖွဲ့ဝင်များ

လျှို့ဝှက်သော နည်းလမ်းများမှာ လူအများ၏ ပုံမှန် စဉ်းစားဆင်ခြင်ပုံနည်းများနှင့် အတွေ့အကြုံများပေါ်တွင် အခြေပြုထားခြင်း ဖြစ်ပါသည်။

### ဆောင်ရန်

-အဓိကအားဖြင့် စည်းကမ်းရှိမှု၊ သတိဖြင့်စောင့်ကြည့်နိုင်မှုနှင့် မိမိဘာသာထိန်းချုပ်မှုတို့လိုအပ်။
-လျှို့ဝှက်ဥပဒေများအတိုင်းလေးလေးနက်နက်လိုက်နာကျင့်သုံးရန်။
-လျှို့ဝှက် အဖွဲ့အစည်းဝင်များသည် နိုင်မာသော သန္နိဋ္ဌာန်ရှိသူ၊ စည်းစနစ်ကျနသူ၊ ရိုးသားသူ၊ တည်ကြည် ထိန်းချုပ်နိုင်သူ၊ လျှို့ဝှက် ချက်ကို ထိန်းသိမ်းနိုင်သူဖြစ်ရန်၊ ပုဂ္ဂိုလ်ရေးအရည်အချင်းပြည့်ဝမှု၊ နိုင်ငံရေးအမြော်အမြင် ကြီးမားမှု၊ လုပ်ငန်းကျွမ်းကျင်မှု စသည်တို့ အဘက်ဘက်မှ ပြည့်စုံနေရမည့်အပြင် ရန်သူ၏ ထောက်လှမ်းရေး နည်းနာများ၊ တန်ပြန် ထောက်လှမ်းရေး နည်းနာများအားလည်း သိရှိရန်။
-မြေအောက်လျှို့ဝှက်လုပ်ငန်းနှင့်ပတ်သက်၍ကျွမ်းကျင်စွာသင်ကြားထားပြီးဖြစ်ရန်။
-လျှို့ဝှက်ကာလပ်စည်းများအား လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလောက်သာ စနစ်တကျ ဖွဲ့စည်းရန်။
-အဖွဲ့ဝင်များကိုလည်း လုပ်ငန်းအလိုက် သင့်တော်သူ၊ အတွေ့အကြုံရှိသူများကို ရွေးချယ်ပြီး အရေးအတွက် အနည်းဆုံးဖြင့်ဖွဲ့စည်းရန်။
-လျှို့ဝှက်အဖွဲ့အစည်းနှင့် မြေပေါ်ရှိ အတိုက်အခံဆက်သွယ်မှုအား လုံးဝကန့်သတ်ထားရန်
-လုပ်ငန်းအလိုက် ကာလပ်စည်းများ ဖွဲ့စည်းထားသော်လည်း ကာလပ်စည်းခေါင်းဆောင်မှသာ ဗဟိုနှင့် တိုက်ရိုက် ဆက်သွယ်မှု စနစ်ထား ရှိရန်။
-ကာလပ်စည်းတခုတည်းတွင်လည်း ကာလပ်စည်း ခေါင်းဆောင်မှသာ ကာလပ်စည်းအဖွဲ့ဝင်များနှင့် ဆက်သွယ် ဆက်ဆံရန်နှင့် အဖွဲ့ဝင် အချင်းချင်း ဆက်သွယ်မှု ဆက်ဆံမှုကို ကန့်သတ်ထားရန် (ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် ကာလပ်စည်း ခေါင်းဆောင်အနေဖြင့် တာဝန် ခွဲပေးစဉ် ကတည်းက စနစ်တကျ စီမံဆောင်ရွက်ရန်)။
-ကာလပ်စည်းအဖွဲ့ဝင်များကို လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သလောက်သာ အသိပေးထားရန်
-ကာလပ်စည်းတိုင်း ဖုံးကွယ်မှုအနေဖြင့် ယုံကြည်နိုင်လောက်သော ဟန်ပြလုပ်ငန်း၊ ထွက်လမ်းဖန်တီးထားရန်၊ ထိုဟန်ပြလုပ်ငန်း ထွက် လမ်းကိုလည်း ကာလပ်စည်းအဖွဲ့ဝင်များ သိရှိအောင်တိုက်ထားပြီးဖြစ်ရန်

## ရှောင်ရန်

- လျှို့ဝှက်လုပ်ငန်းနှင့် ပတ်သက်၍ နားမလည်သူတဦးအား လျှို့ဝှက်လုပ်ငန်း မစေခိုင်းရန်
- ကလပ်စည်းတခုနှင့်တခု ဆက်သွယ်ခြင်း၊ ဆက်ဆံခြင်း လုံးဝမရှိစေရန်
- အရေးကြီး ချိတ်ဆက်ဆောင်ရွက်ရမည့် အရေးအတွက် အကန့်အသတ်ကို လိုက်နာရန် ပျက်ကွက်ခြင်း (အခြားအဖွဲ့ဝင်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သော ကိစ္စများကိုလည်း ကန့်သတ်ရန်)
- ကလပ်စည်းများ၏ ဆက်သွယ်မှုစနစ်ကို ချိုးဖောက်ခြင်း (ဥပမာ- ကလပ်စည်း ခေါင်းဆောင်အချင်းချင်း ဆက်သွယ်ခြင်း)
- မတူညီသော အစုအဖွဲ့စည်းများအချင်းချင်း သိနိုင်အောင် ခွဲမထားခြင်း
- အကန့်စနစ်အား ပီပြင်စွာ လုပ်ဆောင်မထားခြင်း (ဥပမာ- ဆက်သားအား စည်းရုံးရေးလုပ်ငန်းတွင် စေခိုင်းခြင်း)
- စည်းကမ်းလျော့ရဲလာခြင်း (ဥပမာ- စာရွက်စာတမ်းများအား စည်းကမ်းမဲ့စွာထားခြင်း၊ လူများမသင်္ကာဖြစ် စေသော အပြုအမူများ ဆောင်ရွက်ခြင်း)
- ကိုယ်ရေးနောက်ကြောင်းအား သေချာစွာ မစစ်ဆေးဘဲ ကလပ်စည်းအတွင်း ထည့်သွင်းမိခြင်း
- ဆက်သွယ်ရေး လျှို့ဝှက်ချက်များအား လိုက်နာကျင့်သုံးမှု မရှိခြင်း
- ဖုံးကွယ်ရန် ဟန်ပြဖြတ်လမ်း အားနည်းခြင်း၊ မခိုင်လုံခြင်း
- အစည်းအဝေး လှုပ်ရှားဆောင်ရွက်မှုများအတွက် ပြင်ဆင်မှု အားနည်းခြင်း
- သိသင့်သော အချက်အလက်ကိုသာ သိထားရန်ဟူသော စည်းမျဉ်းဥပဒေအား ချိုးဖောက်ခြင်း
- မိမိကလပ်စည်းအပေါ် ကျရောက်လာနိုင်သော အန္တရာယ်များအတွက် ကြိုတင်စိုးစား စီစဉ်မထားခြင်း

## ချုပ်ကိုင်မှု

ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိလေလေ ချေမှုန်းခံရဖို့ အခွင့်အလမ်းနည်းလေလေ ပြဿနာနည်းလေလေ ဖြစ်ပါသည်။ မြေအောက်လုပ်ငန်းတွင် လုံခြုံရေးအဓိကဖြစ်ပြီး လူမှုရေးတရားမှုတမှုသည် အဓိကမဟုတ်ကြောင်း နားလည်ထားရပါမည်။ ကလပ်စည်းတခုအား ချုပ်ကိုင်သည်ဆိုရာမှာ ကလပ်စည်းအဖွဲ့ဝင်များအား မြေ အောက်လုပ်ငန်းများ စေခိုင်းခြင်း၊ ညွှန်ကြားခြင်း၊ လျှို့ဝှက်လုပ်ငန်း စည်းမျဉ်း ဥပဒေသအတိုင်း ဆောင်ရွက် ခြင်းရှိမရှိ စစ်ဆေးခြင်း၊ စည်းကမ်းသေဝပ်မှု၊ လျှို့ဝှက်လုပ်ငန်းအဖွဲ့ဝင်များ၏ ဥပဒေသများအတိုင်း နေထိုင် လုပ်ကိုင်ခြင်း ရှိ၊မရှိ၊ ကလပ်စည်းနှင့် ကလပ်စည်းအဖွဲ့ဝင်များ တဦးချင်းစီ၏ တာဝန်အတိုင်း ဆောင်ရွက်မှု ရှိ၊မရှိကိုသာ စောင့်ကြပ်စစ်ဆေး ချုပ်ကိုင်သွားရပါမည်။

- ကလပ်စည်းခေါင်းဆောင်သည် မြေအောက်လျှို့ဝှက်လုပ်ငန်းများ၌ အတွေ့အကြုံရှိပြီး လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရန် (သို့မှသာ ကလပ်စည်း အဖွဲ့ဝင်များ၏ လုပ်ငန်းနည်းလမ်း အစီအစဉ်များကို စနစ်တကျ ကြီးကြပ်နိုင်မည်။
- လျှို့ဝှက်ကလပ်စည်းတခုသည် အကြိမ်ကြိမ်တွေ့ဆုံမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်
- လွတ်လပ်စွာ လှုပ်ရှားနိုင်စွမ်းရှိပြီး ချုပ်ကိုင်မှု အနည်းဆုံးဖြစ်ရန်
- အကယ်၍ ကလပ်စည်းအဖွဲ့ဝင်တဦးသည် စည်းကမ်းဖောက်ခြင်း (သို့မဟုတ်) လျှို့ဝှက်စည်းမျဉ်း ဥပဒေသ များအား လိုက်နာခြင်း မရှိပါက ကလပ်စည်းအတွင်း၌ ချက်ချင်းထုတ်ပစ်ခြင်းများ မပြုလုပ်ဘဲ တဖြေးဖြေး ကလပ်စည်းနှင့် ဝေးသွားအောင် ဆောင်ရွက်သည့်ပုံစံမျိုး ဆောင်ရွက်ရန်

## လျှို့ဝှက်ဆက်သား

မြေအောက်လုပ်ငန်းတွင် ဆက်သားသည် သက်သေအထောက်အထားနှင့် လက်ပူးလက်ကြပ်မိရန် ဖြစ်နိုင် ခြေအများဆုံးလူ ဖြစ်ပါသည်။ အာဏာပိုင်များအနေဖြင့် လျှို့ဝှက်ကလပ်စည်းတခုအား ဖော်ထုတ်ရန် ဆက် သား၏ လှုပ်ရှားမှုနှင့် ဆက်သွယ်ရေး ကွန်ယက်အတွင်းမှ ခြေရာခံလိုက်သည်မှာ အလွယ်ကူဆုံးဖြစ်သည်။ ထို့ကြောင့် ...

- လျှို့ဝှက်ဆက်သားအနေဖြင့် လုပ်ငန်းနှင့်ပတ်သက်၍ အထူးကျွမ်းကျင်ရန်

- လျှို့ဝှက်ဆက်သားသည် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အမြဲသွားလာလှုပ်ရှားနေသူတဦး ဖြစ်ရမည့် အပြင် အာဏာပိုင်များ အမြင်တွင် ကိုယ်ပိုင်လုပ်ငန်းဖြင့် ပုံမှန်သွားလာနေဟန် ဆောင်ရွက်ထားရန်
- ဆက်သားတဦးအား ပုံမှန်လမ်းကြောင်းတွင်သာခိုင်းရန် (နယ်မြေကျော်စေခိုင်းပါက ၎င်းဆက်သားအတွက် အန္တရာယ် အများကြီးရှိမည် ဖြစ်သည်။
- ဆက်သား၏ တာဝန်မှာ စေခိုင်းသည့်အတိုင်း အတိအကျ ဆောင်ရွက်ရန်ဖြစ်ပြီး ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ် ချက်ဖြင့် လုံးဝ ဆောင်ရွက်ခွင့်မပြု
- မြေပေါ်ရှိ အတိုက်အခံတဦးဦးထံဖြစ်စေ၊ စောင့်ကြည့်ခြင်းခံနေရသော ကလပ်စည်းအဖွဲ့ဝင် တဦးဦးထံဖြစ်စေ မိမိကလပ်စည်းအတွက် အသုံးပြုနေသော ဆက်သားအား စေလွှတ်ခြင်း မပြုလုပ်မိစေရန်
- ဆက်သားအား အလျှင်စလို စေခိုင်းခြင်းမျိုး မပြုလုပ်သင့်၊ ဆက်သား၏ လုံခြုံရေးအတွက် ကလပ်စည်းခေါင်း ဆောင်တွင် တာဝန် အပြည့်ရှိ ပေသည်။
- လျှို့ဝှက်ဆက်သားများအနေဖြင့် လုပ်ငန်းလုပ်ဆောင်လာခဲ့သည့် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ မိမိလုပ်ငန်းအပေါ် ပေါ့ပေါ့တန်တန် ဆောင်ရွက်မှုများ ရှိလာတတ်သဖြင့် ထိုကဲ့သို့ မဆောင်ရွက်မိစေရေး အမြဲ သတိထားရန်
- လုပ်ငန်းဆောင်ရွက်ရန် ရှိသည့်အခါတိုင်း မိမိဆက်သွယ်ရမည့် လမ်းကြောင်းအား ကြိုတင်စစ်ဆေးမှု ပြုလုပ် ရန်
- အကယ်၍ အန္တရာယ်နှင့် ကြုံတွေ့လာပါက မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းမည် ဆိုသည့်အချက်အား လုပ်ငန်း ဆောင်ရွက်သည့်အခါတိုင်း ကြိုတင်စဉ်းစားထားတတ်သည့် အလေ့အထ အမြဲရှိနေရန်

## လျှို့ဝှက်စည်းရုံးရေးသမား


မြေအောက်လုပ်ငန်းတွင် အသုံးပြုရန် စည်းရုံးခြင်း မဟုတ်ဘဲ အင်အားရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ...

- စည်းရုံးရေးသမားသည် သဘောတရားသာ အသုံးချရမည့်သူဖြစ်၍ အတတ်နိုင်ဆုံး မည်သည့် အထောက်အထားမှ မယူရှိရန်
- ပုဂ္ဂိုလ်ရေးအရည်အချင်း ပြည့်ဝမှု၊ နိုင်ငံရေးဗဟုသုတ ပြည့်ဝမှု လုပ်ငန်းကျွမ်းကျင်မှု စသည့် အရည်အချင်းများ ပြည့်ဝနေရန်
- ပြည်သူလူထုအား မိမိတို့၏လုပ်ငန်းအပေါ် ထောက်ခံလာအောင် စည်းရုံးနိုင်စွမ်းရှိရန်၊ နယ်မြေလူထုမှလည်း လေးစားမှုရှိပြီးဖြစ်ရန်
- ပြည်သူလူထုလေးစားသည့် ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များအား စည်းရုံးရန်
- မိမိစည်းရုံးရမည့် နယ်မြေအား အကျွမ်းဝင်ရန်
- အခြေအနေပေါ် မူတည်ပြီး လိုအပ်လျှင် လိုအပ်သလို ဖြတ်ထိုးဉာဏ်သုံးကာ ဆောင်ရွက်နိုင်စွမ်းရှိရန်
- မလိုအပ်သေးသ၍ မည်သူနှင့်မျှ အဆက်အသွယ်မပြုလုပ်ဘဲ တကိုယ်တည်း လွတ်လပ်စွာ လှုပ်ရှားဆောင် ရွက်ရန်

## ဖုံးကွယ်ရေး (နေ့စဉ်နေ့ထိုင်သွားလာလှုပ်ရှားရေး)

### ဆောင်ရန်

- ပြည်သူလူထုနှင့် တသားတည်း ရှိနေသူဖြစ်ရန်၊ သာမန်ပြည်သူတဦးပုံစံဖြင့်သာ နေ့စဉ်နေထိုင်သွားရန်
- ဘာအလုပ်မှ မရှိတာထက်စာရင် ဟန်ပြအလုပ်အကိုင်တခုခုနဲ့ ဖုံးကွယ်မှုပုံစံ တမျိုးမျိုးရှိနေတာ ပိုကောင်းသည် (သာမန် လူထုပုံစံ ပေါက်ရမည်)။ ထူးခြားသော အမူအကျင့်များဖြင့် မိမိကိုယ်ကို လူအများ အာရုံစိုက်မ လာစေရန်
- အန္တရာယ်နှင့် ရင်ဆိုင်တွေ့သည့်အခါ ထိတ်ပြာမနေဘဲ ‌အေးအေးဆေးဆေးဖြင့် ဖြေရှင်းနိုင်ရန်
- ရန်သူသည် မိမိအား အချိန်မရွေး နောက်ယောက်ခံနိုင်ကြောင်း အမြဲ သတိရှိရန် (တခါတရံ လျှို့ဝှက်နောက် ယောင်ခံပြီး တခါတရံ ဖြောင့်နောက်ယောင်ခံတတ်၊ ရည်ရွယ်ချက်ကတော့ အတူတူဖြစ်ပြီး မိမိလုပ်ငန်းအား အနှောက်အယှက်ပြုရန်နှင့် လှုပ်ရှားမှုအား ကန့်သတ်ရန် ဖြစ်သည်။ လျှို့ဝှက်နောက်ယောက်ခံခြင်းသည် မိမိ ကလပ်စည်းတခုလုံးအား ဖြေရှာခံမိရန်ဖြစ်ပြီး ဖြောင့်နောက်ယောင်ခံခြင်းသည် ကြောက်ရွံ့စေရန်နှင့် စိတ်ဓာတ်ခြောက်ခြားစေရန် ဖြစ်သည်။ အကယ်၍ သင် နောက်ယောင်ခံ အလိုက်ခံရပြီဆိုပါက နောက်ယောင်ခံအား သဘာဝကျကျ အမြန်ဆုံးဖြတ်ပစ်ရန်၊ မည်သူမှ မသိစေ အမြန်ဆုံးဖြတ်ပစ်နိုင်မှသာ မိမိကလပ်စည်းတ ခုလုံး အန္တရာယ် ကင်းနိုင်မည်။
- မိမိ၏ ဖုံးကွယ်ထားသော လုပ်ငန်းအား ကိုယ်ပိုင်အရည်အသွေးဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်



## ရှောင်ရန်

- အာဏာပိုင်အဖွဲ့မှ အလိုရှိနေသူ၊ နောက်ယောက်ခံ အလိုက်ခံရသူ မဖြစ်စေရန်။ အာဏာပိုင်အဖွဲ့မှ မိမိအကြောင်း ဘာမျှ မသိဘဲ ၎င်းတို့နှင့် ခင်မင်ရင်းနှီးစွာ နေထိုင်သူဖြစ်ရန်
- မိမိကိုယ်ကို အထင်ကြီးခြင်း၊ ကြီးကျယ်အောင် ပြုလုပ်ခြင်းများအား ရှောင်ကြဉ်ရန်
- မိမိအဖွဲ့ဝင်အချင်းချင်း မလိုအပ်ဘဲ အဆက်အသွယ်ပြုလုပ်ခြင်း၊ ဝင်ထွက်သွားလာခြင်း မပြုလုပ်ရန်
- မှတ်စုစာအုပ်၊ လိပ်စာစာအုပ်များ မဆောင်ထားရန်။ အတတ်နိုင်ဆုံး ကိုယ်ပေါ်တွင် အထောက်အထား မရှိ အောင် နေနိုင်ရန်၊ မိမိအား စွဲချက်တင်နိုင်သော မည်သည့်အရာမဆို ဖျက်ထားရန်
- မည်သည့်အရာမဆို ပေါ့ပေါ့တန်တန် မတွက်ထားရန်
- နှုတ်မမှားဘဲ မိမိလုပ်ငန်းအား မည်သူမျှမသိအောင် ဖုံးကွယ်ထားရန်၊ လျှို့ဝှက်ချက်အား အသက်နှင့်ထပ်တူ ထိန်းသိမ်းနိုင်ရန်

## ဆက်သွယ်ရေးနှင့် သတင်း

မြေအောက် ဆက်သွယ်ရေး အမျိုးအစား အသုံးပြုနည်း များစွာရှိသော်လည်း ၎င်းတို့မှာ သီးခြား တီထွင်ထားခြင်း မဟုတ်ဘဲ လူအများ နေ့စဉ် အသုံးပြုနေသော အရာများကိုသာ အခြားသူ အာရုံမစိုက်မိစေဘဲ အသုံးပြုထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြေအောက်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် လျှို့ဝှက်ဆက်သွယ်ပုံ နည်း လမ်းများအား ကြေညက်စွာ တတ်မြောက်ထားရမည် ဖြစ်ပါသည်။

- လျှို့ဝှက် တွေ့ဆုံပွဲ တခုပြုလုပ်ရန် မြေအောက်ဆက်သွယ်ရေးစနစ်များအတိုင်း အသုံးပြုပြီး အချိန်၊ နေရာ၊ လူ ဦးရေ စသည်များ ကြို တင် သတ်မှတ်ရန်
- တဦးတယောက်နှင့် တွေ့ဆုံရန် ပြောသည့်အခါ အချိန်နှင့်နေရာပါ တပါတည်း ပြောဆိုရန်၊ ထို့အပြင် အရံနေရာပါ ပြောဆိုရန်
- ပုံမှန်ဆက်သွယ်မှုအား မိမိ နေရာ မဟုတ်သည့်၊ မိမိ ယုံကြည် စိတ်ချရသူများ ရှိသည့်၊ မိမိ ကျွမ်းကျင်သော နေရာတွင် ပြုလုပ်ရန်
- ဆက်သွယ်ရန် တွေ့ဆုံရန် နေရာသည် ရှာဖွေရန်လွယ်ကူပြီး အဝင်အထွက်လည်း လွယ်ကူရန်၊ ပုဂ္ဂိုလ်ရေးအရ လွတ်လပ်မှုရှိပြီး လုံခြုံ သည်ဟု စိတ်ခံစားရသော နေရာလည်းဖြစ်ရန်
- ဆက်သွယ်ရာတွင် အချိန်တိကျမှုအား လူတိုင်းလိုက်နာရန်၊ သတ်မှတ်ချိန်ထက် (--) မိနစ်ကျော် မလာလျှင် လူစုခွဲရန်
- အဆက်အသွယ်ပြုလုပ်သည့်နေရာအား ပတ်ဝန်းကျင်မှ မရိပ်စားမိ ပြောင်းလဲနိုင်ရန်
- အရေးကြီးသော ဆက်သွယ်မှုပြုလုပ်မည်ဆိုပါက လုံခြုံစိတ်ချရပြီး မှတ်စုလိုက်နိုင်သော၊ ပစ္စည်းလဲနိုင်သော နေရာဖြစ်ရန်၊ ဆက်သွယ်မှု ပြုလုပ်နေစဉ် အမည်၊ လိပ်စာ၊ ရက်စွဲများအား စာဖြင့်ရေးပြကာ မှတ်သားစေပြီး ချက်ချင်းဖျောက်ဖျက်ရန်
- ကိစ္စရပ်တိုင်းတွင် ကြားခံအဆက်အသွယ် အနည်းဆုံးဖြင့် ဆောင်ရွက်ရန်
- တယ်လီဖုန်းအဆက်အသွယ်မှာ မြေအောက်လုပ်ငန်းအတွက် နည်းလမ်းကောင်းလေဖြစ်ပြီး မဖြစ်မနေသုံးရ မည်ဆိုပါက အများသုံး တယ်လီဖုန်းမှ ရိုးရှင်းသော စကားဝှက်များဖြင့် အသုံးပြုရန်။

ဂါမဏိ

# JOURNAL OF SOCIAL SCIENCE

မေ ၂၀၁၅ / အတွဲ(၁) အမှတ် (၁)




# စစ်မှုရေးရာ၊ စစ်ဘက်ရေးရာ


*မင်းဇော်*



ဤစာတမ်းသည် စစ်မှုရေးရာ သဘောတရားကို တို့ထိ တင်ပြထားသော စာတမ်းဖြစ်သည်။ စစ်ရေးသဘောတရားကို နိဒါန်းသဘော ပြသထားပြီး စစ်ရေးတည်ဆောက်မှုပုံသဏ္ဍာန်ကို နိုင်ငံတကာအမြင်ဖြင့်လည်း တင်ပြထားသည်ကိုတွေ့ရသည်။ စစ်ပွဲအမျိုးအစားများ၏ ကွဲပြားခြားနားမှုကို ရှင်းလင်းစွာတင်ပြထားသည့် အမြင်အရပ်ဘက်စစ်ဘက်ဆက်ဆံရေးတွင် အရပ်ဘက်အမြင်၊ စစ်ဘက်အမြင်နှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ယုတ္တိတန်သော အကြံပြုချက်များကို အရပ်ဘက်စစ်ဘက် ဆက်ဆံရေး ကောင်းမွန်မှုအတွက် အကြံပြုတင်ပြထားသည်ကို တွေ့ရသည်။

*အယ်ဒီတာ*

# စစ်မှုရေးရာ၊ စစ်ဘက်ရေးရာ

***စစ်ဆိုသည်မှာ***

**War is the continuation of politics by other means.**

**Karl Von Clausewitz (1780 – 1831)**
**Prussian General and Military theorist**

**စစ်ဆိုသည်မှာ တစ်နည်းနည်းနဲ့ ဖြစ်နေတဲ့ အဆက်မပြတ်နိုင်ငံရေး ဖြစ်သည် ဟု နားလည်နိုင် သည်။**

**War; Conflict between or among Political Groups.**
**( စစ် : နိုင်ငံရေးအုပ်စုများအကြား ပဋိပက္ခ )**

နိုင်ငံတကာနိုင်ငံရေးတွင် စစ်ရေးပါဝါသည် သမာရိုးကျပုံစံအတိုင်းရှိသည်။ နိုင်ငံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် တစ်ဖက်နှင့် တစ်ဖက်အပြန်အလှန် လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ခြိမ်းခြောက်မှုများ ပြုလုပ်ကြသည်။ စစ်ရေးအင်အားသုံးကြသည်။ ထိုသို့အပြန်အလှန်လွှမ်းမိုးရန်အတွက် လုပ်ဆောင်ကြရင်း စစ်ပွဲများဖြစ်လာကြသည်။ မည်သည့်ခေတ်၊ မည်သည့် နယ်ပယ်တွင်ဖြစ်စေ၊ လူ့ယဉ်ကျေးမှုတွင် စစ်ရေးအင်အားသုံးခြင်းကဲ့သို့သောအပြုအမူများကို တွေ့ရှိရသည်။ စစ်ပွဲများ ပေါ်ပေါက်လာခြင်းသည် လူ့ဇီဇအဟောင်းများ တန်ပြန်ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။ လူသည် သဘာဝအရ ရန်လိုတတ်သော သဘောရှိသည်။ လူ၏အကြမ်းဖက်မှုပုံစံကို ကြည့်ခြင်းအားဖြင့် စစ်ပွဲများကို အတန်းအစားခွဲခြား သတ်မှတ်နိုင်သည်။

စစ်ဖြစ်ရသောအကြောင်းအရင်းများရှိသည်။ ငြိမ်းချမ်းရသောအကြောင်းအရင်းများရှိသည်။ စစ်ရေးပါဝါကို အပြည့်အဝ အသုံးချခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများသည် ဂလိုဘယ် နိုင်ငံရေးတွင် သိသာသောဆုတ်ယုတ်မှုများကို ပြသလာသည်။ အချိန်ကြာလာသည်နှင့်အမျှ စစ်ရေး မဟာဗျူဟာများ နက်နဲလာသည်။ ပိုမိုသိမ်မွေ့လာသည်။ စစ်ရေးနည်းပညာများ ပိုမို တိုးတက်လာသည်။ စစ်ရေးနည်းပညာရပ်များ ပိုမို ကျယ်ပြန့်နက်နဲလာသည်။ ခေတ်ကာလကြာ မြင့်လာသည် နှင့်အမျှ ဖြစ်ပေါ်လာသော စစ်ရေးဘက်စွမ်းရည်များသည် ကြီးမားသောအလျင်အမြန်ဖြင့် ပြောင်းလဲလာသည်။ ရိုက်ဖက်သေနတ်နေရာတွင် စက်သေနတ်များ အစားထိုးလာသည်။ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည် စစ်ဘက်သုံးလက်နက်များ အစွမ်းထက်မြက်လာခြင်းကို သယ်ဆောင်လာသည်။ ၂၀ ရာစုတွင်ဖြစ်ပွားသော ကမ္ဘာလုံးရှိ စစ်ပွဲများသည် သာဓကပင်ဖြစ်သည်။

စစ်အေးပြီးဆုံးသည့်ကာလနောက်ပိုင်း စစ်ပွဲဖြစ်ပွဲမှုများသည် အသွင်အမျိုးမျိုးကွဲပြားလာကြသည်။ အရပ်ဘက်-စစ်ဘက် အကြားတွင် အချိုးမညီသည့်လုပ်ရပ်များကြောင့် ပြည်တွင်းစစ်များဖြစ်ပွားခဲ့သည်။ စစ်ဘက်တွင် နည်းပညာမြင့်မားလာမှုကြောင့် ဖျက်အားပြင်းလက်နက်များ သုံးစွဲလာခဲ့ကြသည်။ စစ်ပွဲများသည် တရားသော စစ်လား၊ မတရားသောစစ်လား ဆိုသည်ကို အငြင်းအခုန် ဖြစ်နေကြဆဲဖြစ်သည်။

မိမိအကျိုးစီးပွားနှင့်ယှဉ်၍ ဖြစ်ပေါ်လာသောစစ်ပွဲများကို တရားသည်၊ မတရားသည် ခွဲခြားရန်ကား ခက်ခဲသောပုဒ်စာပင် ဖြစ်နေဆဲဖြစ်သည်။ တရားသောစစ်ကို ဘယ်လိုဆင်နွှဲနိုင်မလဲဆိုသည့် မေးခွန်း သည် အချိန်နှင့်အမျှရှိနေဆဲဖြစ်သည်။ စစ်ပွဲတွင် ဖြောင့်မတ်မှန်ကန်သောစိတ်ဓာတ်ဖြင့် တိုက်ခိုက် ပါက တရားသော စစ်ဟူ၍ ဆိုချင် ဆိုနိုင်ပါလိမ့်မည်။

**စစ်တို့၏သဘာဝ**

စစ်ဆိုသည်မှာ အဘယ်နည်း။ အကြမ်းဖက်မှု၊ ပြစ်ဒဏ်ခတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ ဓာတု လက်နက်ဖြင့်တိုက်ခိုက်မှု၊ လူသတ်မှု စသည့်အရာများကို မည်ကဲ့သို့သောစစ်ဟု သတ်မှတ်မည်နည်း။ စစ်သည် နိုင်ငံရေးအုပ်စုများအကြား ဖြစ်ပွားသော ပဋိပက္ခပင်ဖြစ်သည်။ သမာရိုးကျတွေးကြည့်လျှင် နိုင်ငံရေးအုပ်စုများ ဆိုသည်မှာ နိုင်ငံများပင်ဖြစ်သည်။

***စစ်ဆိုသည်မှာ***

- *စစ်ဆိုသည်မှာ ပြင်းထန်ကျယ်ပြန့်စွာ ခိုက်ရန်ဖြစ်ပွားခြင်း ဖြစ်သည်။*
- *စစ်ဆိုသည်မှာ အနိုင်ရရန် အစွမ်းကုန်သတ်ပုတ်တိုက်ခိုက်နေကြသော လူနှစ်ဦး၏ပုံရိပ်ကို အကျယ်ချဲ့ ထားခြင်း ပင်ဖြစ်သည်။*
- *စစ်ဆိုသည်မှာ တစ်ဖက်ရန်သူအား မိမိလိုအင်ဆန္ဒအတိုင်း လိုက်နာစေရန် အစွမ်းကုန် ကြိုးပမ်းအား ထုတ်ခြင်း ဖြစ်သည်။*
- *စစ်ဆိုသည်မှာ ရန်သူက ကျွန်ုပ်တို့၏ လိုအင်ဆန္ဒများကို လုံးဝဥဿုံ လိုက်လျောလာသည် အထိ ရန်သူ့ အပေါ်သို့ ကျင့်ကြံရသော အကြမ်းဖက်မှုပင် ဖြစ်သည်။*

***စစ်၏ရည်မှန်းချက် / ရည်ရွယ်ချက်***

ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ကို ခွဲခြားမြင်ရန်လိုအပ်သည်။

- ရည်မှန်းချက်သည် ရေရှည်ဖြစ်သည်။
- ရည်ရွယ်ချက်သည် ရေတိုဖြစ်သည်။

ရည်ရွယ်ချက်တိုင်းသည် ရည်မှန်းချက်ကို အကောင်အထည်ဖော်သော လုပ်ရပ်များပင်ဖြစ်ရမည်။ ရည်ရွယ်ချက်ဖြင့်လုပ်သောအရာတိုင်းသည် ရည်မှန်းချက်ကို ရောက်စေရန် ကျေးဇူးပြုသော အကြောင်း တရားများ ဖြစ်စေရမည်။

**စစ်၏ရည်မှန်းချက်ကို ပါရှန်ဗိုလ်ချုပ်ဖြစ်သူ နိုင်ငံရေးသဘောတရားပညာရှင် ကလော့စ်ဝစ်ဇ်က ဤသို့ဆိုထားသည်။**

***စစ်၏အရေးအကြီးဆုံးရည်မှန်းချက်မှာ ရန်သူအပြီးအပိုင်ချုပ်ငြိမ်းရေးပင်ဖြစ်သည်။ ထိုတူညီသော ရည်မှန်းချက်အောင်မြင်စေရန် စစ်ပြိုင်သူ နှစ်ဦးစလုံးက အချိန်နှင့်အမျှ အစွမ်းကုန် အပြန်အလှန် ထိုးနှက်တိုက်ခိုက်ကြသည်။ ဤသို့ဖြင့် ထပ်တူထပ်မျှဖြစ်သော တန်ပြန်ထိုးနှက်ချက်များ ဖြစ်ပေါ်လာပြီး စစ်အတိုင်းအတာမဲ့၊ အတားအဆီးမဲ့သောအကြမ်းဖက်မှု အဆုံးအစွန်အဆင့်သို့ ရောက်ရှိလာသည်။***

*စစ်သည် ရန်သူအပြီးအပိုင်းချုပ်ငြိမ်းသွားစေရန် အဆက်မပြတ်ပြင်းထန်စွာထိုးနှက်တိုက်ခိုက်သော အကြမ်းဖက်မှုဖြစ်ပြီး စစ်ဖြစ်ရာတွင်နားလည်မှုယူခြင်း၊ ကြမ်းကြုတ်မှုကို ကန့်သတ်ထိန်းချုပ်ခြင်းများ လုံး၀ မရှိအပ်။ အတိုင်းအတာမဲ့သည့် စစ်သဘောတရားတွင် ပြင်းထန်မှုကို ထိန်းချုပ်သော အတွေး အခေါ်မျိုး ဖြည့်စွက်ခြင်းသည် စစ်၏သဘာဝနှင့် လုံး၀ ဆန့်ကျင်သည်။*

***စစ်ပွဲ၏ရည်ရွယ်ချက်မှာ ရန်သူကို လက်နက်မဲ့စေခြင်းတည်း......***

***ကလော့ဇ်ဝစ်၏ အဆိုအရ***

***စစ်မှုရေးရာတွင် အဓိကရည်မှန်းချက် သုံးရပ်ရှိသည်။ ၎င်းတို့မှာ -***

*၁။ ရန်သူ၏ လက်နက်ကိုင် အင်အားစုကို အောင်နိုင်ပြီး ဖျက်ဆီးပစ်ရန်*

*၂။ ရန်သူ၏ ပစ္စည်းအင်အားနှင့် အခြားအင်အား အရင်းအမြစ်များကို သိမ်းပိုက်ရန်*

*၃။ မိမိဘက်သို့ ပြည်သူလူထု ရောက်ရှိလာစေရန် တို့ဖြစ်သည်။*

*လူသားများကို စစ်ပွဲသို့ တွန်းပို့နေသော တွန်းအားနှစ်ရပ်ရှိသည်။*

- *ပင်ကိုယ်စိတ်အရ ရန်လိုစိတ် (Hostile Feeling )*
- *ရန်လိုသော ရည်ရွယ်ချက် ( Hostile Intention )*

*(စစ်၏ရည်ရွယ်ချက်ဖြစ်သော ရန်သူကိုလက်နက်မဲ့စေခြင်းသည် ရန်သူအပြီးအပိုင်ချုပ်ငြိမ်းရေးကို ကျေးဇူးပြုသော အကြောင်းတရားကြီးဖြစ်သည်။)*

# စစ်ရေးရှုထောင့်

## နိုင်ငံတကာဆက်ဆံရေးနယ်

နိုင်ငံတကာဆက်ဆံရေးတွင် စစ်ရေးအင်အား၏ ကဏ္ဍ

နိုင်ငံတိုင်း၏ အမျိုးသားရည်မှန်းချက်သည် အကျိုးစီးပွားပင်ဖြစ်သည်။ အကျိုးစီးပွားသာလျှင် အစစ်မှန်ဆုံးသော အမျိုးသားရေးရည်မှန်းချက်ဖြစ်သည်ဟု နိုင်ငံတိုင်းက ခံယူသည်။ နိုင်ငံတကာရေးရာများတွင် နိုင်ငံ့အင်အားကို

အခြေပြု၍ နိုင်ငံရေးကစားကွက်ထွင်ကြသည်။ နိုင်ငံရေးကစားခြင်း၊ နိုင်ငံရေးပရိယာယ်ဆင်ခြင်းတို့သည် နိုင်ငံတကာစနစ်ထဲတွင် ပါဝင်နေသော အပြုအမူများဖြစ်သည်။

**ပါဝါဟူသည်** တစ်ပါးသူကို ထိန်းချုပ်နိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ နိုင်ငံအဆင့်ဖြင့် ကြည့်လျှင် အခြားနိုင်ငံကို ဩဇာလွှမ်းမိုးနိုင်ခြင်းဖြစ်သည်။ နိုင်ငံများအပေါ် ဩဇာလွှမ်းမိုးနိုင်မှုအတိုင်းအတာသည်ပင်လျှင် နိုင်ငံအင်အားကို တိုင်းတာသည့် အစစ်အမှန်ပေတံတစ်ချောင်းဖြစ်ပေလိမ့်မည်။

နိုင်ငံ့ပါဝါကို အကြမ်းဖျင်းအားဖြင့် (၂) မျိုးခွဲသည်။ မြင်နိုင်ခြင်း၊ မမြင်နိုင်ခြင်းဟူ၍ အကြမ်းဖျင်းသတ်မှတ်သည်။ အချို့သော အင်အားများသည် မမြင်ရ၊ ထိတွေ့လို့ မရ၊ ကိုင်တွယ်လို့ မရချေ။ အချို့သော ပါဝါများသည် မြင်ရ၊ သိရသည်။ ဤအချက်ကိုပင် မူတည်၍ အမျိုးသားအင်အား၏ သရုပ်ကို ထင်ဟပ်စေသည်။

မြင်ရခြင်း၊ ထိတွေ့ကိုင်တွယ်၍ ရခြင်းကို tangible ဟု သုံးနှုန်း၍ မမြင်ရ၊ မထိရ၊ မကိုင်ရသည့် ပါဝါကို intangible power ဟု ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် tangible power နှင့် intangible power ဟူ၍ ပါဝါကို အမျိုးအစား (၂) မျိုးခွဲသည်။

အမျိုးသားအင်အားကို ပုံဖော်ထုစစ်ရာတွင် အကြောင်းအချက်များစွာရှိသည်။ များသောအားဖြင့် တည်နေရာ၊ လူဦးရေ၊ သယံဇာတ၊ လူ့အရင်းအမြစ်၊ ပညာ၊ နည်းပညာ၊ အစရှိသည်တို့ကို အခြေတည်၍ ဖြစ်ပေါ်လာသည်ဟု ဆိုကြသည်။ ထိုအထဲတွင် စစ်ရေးအင်အားသည် မြင်ရသော ပါဝါတစ်ပါးဖြစ်သည်။

စစ်ရေးအင်အားကို ထိတွေ့ကိုင်တွယ်၍ ရသည်။ အကယ်၍ စစ်ရေးအင်အားသည် ကိုယ်ပျောက်လက်အသွင်ဖြစ်နေခြင်းသည် ၂၁ ရာစု၏ အိပ်မက်လားဟု ထင်မှားစရာရှိသည်။ သို့သော် ပညာရှင်များသည် အမျိုးသားအင်အား တစ်နည်း အမျိုးသား ပါဝါကို တိုင်းတာရာတွင် စစ်မှုရေးရာကို ထိရ၊ ကိုင်ရသော အမျိုးအစားထဲတွင် ထည့်သွင်းထားဆဲပင်ဖြစ်သည်။

## အကျိုးစီးပွားနှင့် စစ်ရေး တို့၏ အပေါင်းအစပ်

ပညာရှင်များသည် အကျိုးစီးပွားနှင့် စစ်ရေးအင်အား၏ အပေါင်းအစပ်ကို တွက်ဆကြသည်။ အကယ်၍ အင်မတန် ရန်လိုသော အကျိုးစီးပွားနှင့် စစ်ရေးအင်အားတို့ ပူးပေါင်းမိလျှင် ပဋိပက္ခများနှင့် စစ်ပွဲများကို ပေါ်ပေါက်စေသော အကြောင်းဖြစ်သည်ဟု ဆိုသည်။

စစ်ပွဲများကို ဖန်တီးသည်မှာ အကျိုးစီးပွား လိုလားချက်များကြီးခြင်းကြောင့်ဟု အဆိုတင်သည်။ ဗုဒ္ဓဘာသာအတွေးဖြင့် တွေးလျှင် အကျိုးစီးပွား ရမ္မက်ကြီးခြင်းသည် ဆန္ဒမဟုတ် လောဘ ပင်ဖြစ်သည်။ လောဘတို့ ဦးဆောင်လျှင် စစ်ပွဲများဖြစ်သည်။ လူအများ သေကြေသည်ဟု ကောက်ချက်ဆွဲသည်။ လောဘသည်ပင် စစ်၏ အကြောင်းအရင်းဖြစ်သည်။

စစ်ရေးသိပ္ပံသမားများသည် နိုင်ငံရေးသမားများနှင့် ရှုထောင့်ခြင်း မတူကြ။ ဦးတည်ချက်တို့ မတူခြင်းကြောင့် ဖြစ်တန်ရာသည်။ စစ်ကို အဓိပ္ပာယ်ဖွင့်သည့် အဆိုများ များစွာရှိသည်။ ထိုအထဲတွင် စစ်၏ အကျိုးဆက်ကို ပညာရှင်တိုင်း အလေးထား တွက်ဆကြသည်။ စစ်သည် နောက်ဆုံးဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်သည့် နေရာတွင်သာ သုံးသည်ဟု မှတ်ချက်ချသည်။

ပဋိပက္ခများ၏ နောက်ဆုံး ဖြေရှင်းနည်းသည် စစ်ပွဲပင်ဖြစ်သည်။ စစ်ပွဲများဖြင့် အဆုံးသတ်ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။ ဆိုလိုသည်မှာ နိုင်သည်၊ ရှုံးသည်ကို သတ်မှတ်သည်မှာ စစ်ပွဲပင်ဖြစ်သည်။ ထို့ကြောင့် စစ်သည် အန္တရာယ်ကြီးသည်။ ထို့အပြင် သက်ရောက်မှုလည်း ကြီးသည်။ ထိရောက်မှုလည်း ကြီးစွာရှိသည်။ လူ့အသက်များဖြင့် ကြီးစွာ အသုံးပြုရခြင်းကြောင့် စစ်၏ သက်ရောက်မှုသည် လွန်လွန်ကဲကဲ ဖြစ်ရပ်များကို ပေါ်ပေါက်စေသည်မှာ အဆန်းမဟုတ်တော့ချေ။

စစ်မှုနှင့် စစ်ပွဲများက ခြိမ်းခြောက်သော အရာများရှိသည်။ စစ်သည် ယဉ်ကျေးမှုများကို ခြိမ်းခြောက်သည်။ စစ်သည် သဘောတရားရေး၊ ဝါဒရေးများ၏ ကြံ့ခိုင်မှုကို ခြိမ်းခြောက်သည်။ စစ်သည် လူ့အသက်များကို ခြိမ်းခြောက်နိုင်သည် သာမက ယုံကြည်ချက်၊ ခံယူချက်နှင့် သဘောထားအမြင်များကိုပါ အဆုံးအဖြတ်ပေးနိုင်သည်။

၂၀ ရာစု အိုင်ဒီယော်လိုဂျီတိုက်ပွဲများကို သီအိုရီများ နိုင်ခြင်း၊ မနိုင်ခြင်းကပင် အဆုံးအဖြတ်ပေးနေသည် မဟုတ်။ စစ်အင်အားကြီးခြင်း၊ သေးခြင်းကလည်း အဆုံးအဖြတ်ပေးခဲ့သည်။ နိုင်ငံတကာစနစ်တွင် စစ်အင်အား ပြိုင်ဆိုင်မှုဖြင့် ဝါဒရေးရာ တိုက်ပွဲကို အနိုင်၊ အရှုံးဆုံးဖြတ်ပေးလိမ့်မည်ဟု အမေရိကန်နှင့် ဆိုဗီယက်အုပ်စုတို့က ယူဆခဲ့ကြသည်။ စစ်အေးကာလတိုက်ပွဲသည် အိုင်ဒီယော်လိုဂျီတိုက်ပွဲတစ်ခုတည်းမဟုတ်၊ စစ်အင်အားပြိုင်ဆိုင်ခြင်းကာလကြီးလည်းဖြစ်သည်။

## သမိုင်းဆိုင်ရာ အနှစ်ချုပ်

ကမ္ဘာ့သမိုင်းကို အနှစ်ချုပ်ကြည့်လိုက်လျှင် ကာလ (၂) ပါးကိုသာ တွေ့ရသည်။ ထိုကာလမှာ စစ်ပွဲကာလများနှင့် ငြိမ်းချမ်းရေးကာလ ဟူ၍ ကာလ (၂) မျိုးကိုသာ တွေ့ရသည်။ ထိုကာလနှစ်မျိုး၏ ရေချိန်ကို တိုင်းတာလျှင်လည်း စစ်ပွဲကာလသည် ငြိမ်းချမ်းရေးကာလထက် ပို၍ များသည်။ မြင့်သည်ကို တွေ့ရသည်။ လူ့သမိုင်းကို ကြည့်လျှင်လည်း ငြိမ်းချမ်းရေးရရန် အခွင့်အလမ်းများ ရှိနေသည်ထက် ပဋိပက္ခများဖြစ်ရန် အကြောင်းတရားများက ပိုမိုများပြားသည်ကို တွေ့ရသည်။ **ငြိမ်းချမ်းရေးလိုချင်လျှင် စစ်ကို ပြင်ပါ** ဟုယူဆသည့် အယူအဆကြမ်းကြမ်းကို တွေ့ရသည်လည်း ရှိသည်။

## စစ်ဖြစ်ပွားရခြင်း အကြောင်းများ

စစ်ဖြစ်ပွားရခြင်း အကြောင်းတရားများ များစွာရှိသည်။ စစ်ဖြစ်ပွားလျှင်လည်း စစ်ပွဲများသည် အသွင်သဏ္ဍာန်အားဖြင့် မတူကြ။ စစ်ဖြစ်ရခြင်း အကြောင်းများ ကွဲပြားသလို ဖြစ်ပုံဖြစ်နည်းလည်း ကွဲသည်။ စစ်ပွဲများဖြစ်ပုံကို

နိုင်ငံရေးသိပ္ပံရှုထောင့်မှ ကြည့်သည်။ နိုင်ငံတကာဆက်ဆံရေး ရှုထောင့်မှ ကြည့်သည်။ များသောအားဖြင့် ယေဘုယျသဘောကြည့်ခြင်းနှင့် အနုစိတ်ကြည့်ခြင်း ဟူ၍ ကွဲပြားခြင်းဖြစ်သည်။

အနုစိတ်ကြည့်ခြင်းသည် သိပ္ပံသဘောပို၍ ဆန်သည်။ ပို၍ နည်းလမ်းတကျ ဖြစ်သည်။ မက်ခရိုသဘောနှင့် မိုက်ခရိုသဘော ကွဲခြင်းပင်ဖြစ်သည်။ မိုက်ခရိုကြည့်ကြည့်ခြင်းသည် နိုင်ငံရေးသိပ္ပံသဘောဆန်၍ မက်ခရိုသဘောကြည့်ခြင်းသည် နိုင်ငံတကာဆက်ဆံရေး ရှုထောင့် သဘောဆန်သည်ကို တွေ့ရသည်။

နိုင်ငံ၏ နယ်စည်းဘောင် အတွင်းမှ စစ်ပွဲများကို အနုစိတ်ကြည့်ခြင်းကို နိုင်ငံရေးသိပ္ပံရှုထောင့်ဟု သတ်မှတ်သည်။ နိုင်ငံ၏ နယ်စည်းကို ကျော်၍ စစ်ပွဲများကို သရုပ်ခွဲခြင်းသည် နိုင်ငံတကာဆက်ဆံရေး ရှုထောင့်ဟု ခေါ်နိုင်သည်။

# နိုင်ငံရေးသိပ္ပံရှုထောင့်

## စစ်ပွဲအမျိုးအစားများ

**စစ်ပွဲအမျိုးအစားကို အကြမ်းဖျင်းအားဖြင့် ၇ မျိုးခွဲခြားနိုင်သည်။**

| | |
|---|---|
| - Conventional War | **သမာရိုးကျ စစ်ပွဲ** |
| - Unconventional War | **သမာရိုးကျ မဟုတ်သော စစ်ပွဲ** |
| - Guerrilla War | **ပြောက်ကျားစစ်** |
| - Counter-guerrilla War | **တန်ပြန်ပြောက်ကျားစစ်** |
| - Civil War | **ပြည်တွင်းစစ်** |
| - Rebellion and Revolution | **ပုန်ကန်ထကြွမှု / တော်လှန်ရေး** |
| - Low-intensity warfare | **မပြင်းထန်သော စစ်ရေး/ စစ်ပွဲအခြေအနေ** |

***စစ်ပွဲအမျိုးအစားခွဲခြားနည်း***

*စစ်ပွဲတွင် အသုံးပြုသော မဟာဗျူဟာ၊ နည်းဗျူဟာနှင့် ဘာရည်ရွယ်ချက်နှင့်တိုက်ခိုက်ကြသလဲ ဘယ်သူတွေတိုက်ခိုက်ကြသလဲ၊ ဘယ်လိုလက်နက်တွေနှင့် အသုံးပြုပြီး တိုက်ခိုက်ကြသလဲ၊ ဘယ်လို ပုံစံတွေနဲ့ တိုက်ခိုက်ကြသလဲ ဆိုတာတွေအပေါ် အခြေခံပြီး စစ်ပွဲတွေကို အမျိုးအစားခွဲခြားကြသည်။*

***စစ်ပွဲနှင့်တိုက်ပွဲ၏ ကွဲပြားခြားနားချက်***

***စစ်ပွဲနှင့်တိုက်ပွဲကို ခွဲခြားသိမြင်ရန်လိုအပ်သည်။ စစ်ပွဲတွင် တိုက်ပွဲပေါင်းများစွာပါဝင်သည်။ တိုက်ပွဲတွင် ရှုံးနိမ့်ခြင်း တိုက်ပွဲကျရှုံးခြင်းသည် စစ်ပွဲကျရှုံးခြင်းမဟုတ်။ တခါတရံ စစ်ပွဲအောင်နိုင်ရေးအတွက်***

အမေရိကန် - ဂျပန် စစ်ပွဲ (၁၉၄၅ )၊ ၎င်းစစ်ပွဲတွင် အမေရိကန်သည် ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားမြို့ နှင့် နာဂစကီမြို့တို့ကို နျူကလီးယားဗုံးဖြင့်တိုက်ခိုက်၍ ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်ပစ်ခဲ့သည်။

*(၃) ပြောက်ကျားစစ် (Guerrilla War)*

***မိမိထက်အင်အားကြီးမားသောလွှမ်းသောတပ်များဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ရသောအခါ ပြောက်ကျား စစ်ကို အသုံးပြုကြသည်။ အထူးသဖြင့် စစ်အင်အားကြီးမားသောနိုင်ငံကြီးနှင့် စစ်အင်အားနည်းပါးသော နိုင်ငံများဖြစ်သော စစ်ပွဲများတွင် စစ်ရေးအင်အားနည်းသောနိုင်ငံမှ တပ်များ၊ စစ်အုပ်စုများက ပြောက်ကျားနည်းဖြင့်တိုက်ခိုက်သော စစ်ပွဲများကို ပြောက်ကျားစစ်ဟုခေါ်သည်။ မိမိထက်မှ ကျဆုံးမှုအနည်းဆုံးနှင့် ရန်သူ့အင်အားကြီးတစ်ကို အကြီးမားဆုံး ပြိုလွင်းသည့်နည်း သည် ပြောက်ကျား နည်းပင်ဖြစ်သည်။***

***ပြောက်ကျားစစ်နည်းဗျူဟာများ***

***Hit and run ( ပစ်ပြေး ပြေး သည်) နှင့် Ambush (ချုံခို တိုက်ခိုက်ခြင်း) တို့ ဖြစ်သည်။***

(မှတ်ချက်- နိုင်ငံနယ်ပယ်အရကြီးမားခြင်း၊ လူဦးရေအရများပြားခြင်း တို့သည် စစ်အင်အားကြီးမားခြင်း ဟု ခေါ်ဆို၍ မရနိုင်ချေ။ ဥပမာ- မော်စီတုန်း၏ တရုတ်ကွန်မြူနစ်တပ်များသည် နိုင်ငံနယ်ပယ်အရ၊ လူဦးရေအရ များပြားခြင်းမရှိသော်လည်း စစ်ရေးစွမ်းရည်ကြီးမားထက်မြက်သော ဂျပန်တပ်များကို ပြောက်ကျားနည်းဖြင့် တိုက်ထုတ်ခဲ့သည်။)

**ထင်ရှားသော ပြောက်ကျားစစ်ဗဟာဗျူဟာများကို ဥပမာပြရသော် မော်စီတုန်း၏ ပြောက်ကျားနည်း (၁၈၉၃ - ၁၉၇၆ )၊ ဗီယက်နမ် ခေါင်းဆောင်ကြီး ဟိုချီမင်းလောင်းလျာ ဗိုလ်ချုပ်ဝုယင်ဂီယက်၏ ပြောက်ကျားနည်း (၁၉၁၂ - )၊ အယ်ကိုင်းဒါး၏ နည်းဗျူဟာများ ဖြစ်ကြသည်။**

**ပြောက်ကျားတိုက်ပွဲဆင်နွှဲခြင်းကို လက်နက်ကိုင်၍ သူပုန်ထသောင်းကျန်းခြင်းဟုလည်း သိမြင်နိုင်သည်။**

*(၄) တန်ပြန်ပြောက်ကျားစစ် (Counter-Gurellia War)*

***တန်ပြန်ပြောက်ကျားစစ်ကို သောင်းကျန်းမှု နှိမ်နင်းရေးစစ်ဟု ခေါ်သည်။ လက်နက်ကိုင်သူ ပုန်ထ၍ သောင်းကျန်းခြင်း(ဝါ)ပြောက်ကျားနည်းဖြင့် သူပုန်ထသူများကို တန်ပြန်နှိမ်နင်းသည့် စစ်ကို တန်ပြန်ပြောက်ကျား စစ် ဟု ခေါ်သည်။***

***Counter-Gurrillia also called Counter Insurgency (COIN). (တန်ပြန်ပြောက်ကျားနည်းကို သောင်းကျန်းမှုနှိမ်နင်းရေးဟုခေါ်သည်။)***

***တန်ပြန်ပြောက်ကျားစစ်နည်းဗျူဟာများ***

***Search and Destroy*** *(ရှာမယ် တွေ့ရင်ဖျက်မယ်)၊ မြေအောက်ဗုံးခိုကျင်းများကို ဖျက်ဆီးခြင်း၊ ရွာသားယောင် ဆောင်ထားသော သူပုန်များကို ရှာဖွေဖမ်းဆီးခြင်း။ အနံ့ခံခွေးများအသုံးပြု၍ သူပုန်ကို ရှာဖွေခြင်း စသည် အရာ*

*များဖြစ်သည်။*

*ဥပမာ - မြန်မာ့တပ်များ၏ သောင်းကျန်းသူဖြိုခွင်းချေမှုန်းရေးဗျူဟာ။*

### *(၅) ပြည်တွင်းစစ် (Civil War)*

***တစ်နိုင်ငံတည်းတွင် နိုင်ငံရေးအယူအဆကွဲပြားသော နိုင်ငံရေးအုပ်စုများအကြား လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ပြည်တွင်းစစ်ဖြစ်သည်ဟု ယေဘုယျအားဖြင့် အမျိုးအစားကွဲပြားနိုင်သည်။***

***ဝါဒရေး၊ အယူအဆရေးကွဲပြားခြင်းသည် တစ်နိုင်ငံတည်းမှာပင် လူမျိုးစုမတူခြင်း ၊ ယဉ်ကျေးမှု ကွဲပြား ခြင်း၊ ဘာသာရေး ကိုးကွယ်မှုအယူဝါဒမတူညီခြင်း၊ သမိုင်းကြောင်းအရ ကွဲပြားနေခြင်းစသည့် အရာများ ကို အခြေခံသည်။ ထိုသို့ မတူညီမှုများဖြင့် စုပေါင်းဖြစ်တည်နေသောနိုင်ငံများတွင် ဖြစ်လေ့ ဖြစ်ထ ရှိသော စစ်သည် ပြည်တွင်းစစ်ပင်ဖြစ်သည်။***

**Civil War**

**An armed conflict between politically organized groups within a state, usually fought eight for control of the state or to establish a new state.**

### ပြည်တွင်းစစ်

**နိုင်ငံတစ်ခုအတွင်းရှိသော နိုင်ငံရေးအဖွဲ့အစည်းများအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွား ခြင်းကို ပြည်တွင်းစစ်ဟု ခေါ်သည်။ အထူးသဖြင့် နိုင်ငံသစ်တည်ထောင်ရန် လက်ရှိနိုင်ငံရေးဖြစ်စဉ် အားလုံးကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ကြသည်။**

ပြည်တွင်းစစ်သည် အကြောင်းကိစ္စအများအပြားကို အကြောင်းပြု၍ ဖြစ်ပွားလေ့ရှိသည်။ အထူးသဖြင့် လူမျိုးစုအများအပြား စုပေါင်းနေထိုင်ကြသော နိုင်ငံများတွင် ပြည်တွင်းစစ်ဖြစ်ရန် အလားအလာ များပြားသည်။ လူမျိုးစုများပြားခြင်းကြောင့် ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးတမ်း အစဉ်အလာ၊ အတွေးအခေါ် အယူအဆ၊ ယဉ်ကျေးမှု စသည့်အရာများ ကွဲပြားလာသည်။ ထိုကွာခြားမှု သည် ပဋိပက္ခဖြစ်ခြင်း၏ အကြောင်းလည်းဖြစ်သည်။ အများအားဖြင့် ပြည်တွင်းစစ်သည် ခွဲထွက်ရေး ကဲ့သို့သောအရေးများကြောင့် လည်းကောင်း၊ တန်းတူညီမျှသောအခွင့်အရေးများ မရှိသော အခြေ အနေများကို အကြောင်းပြု၍လည်း ကောင်း၊ ဝါဒရေးကိုင်စွဲမှုမတူညီခြင်းကြောင့်သော်လည်းကောင်း စသည့်အကြောင်းအချက်များအပေါ် အကြောင်းပြု၍ ပြည်တွင်းစစ်ဖြစ်ပွားလေ့ရှိသည်။ လူမျိုးစု ပဋိပက္ခများကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ်များ သည် သာဓကပေါင်းမြောက်များစွာရှိသည်။

**ဥပမာ ဆိုက်ပရပ်စ်တွင် ဂရိနှင့် တူရကီတို့ဖြစ်ပွားသော လူမျိုးစု ပြည်တွင်းစစ် (၁၉၆၀)**

**လက်ဘနွန်တွင် ခရစ်ယာန်နှင့် မူဆလင်တို့ဘာသာရေးအရ ဖြစ်ပွားသောစစ်ပွဲ (၁၉၇၀)**

**ရဝမ်ဒါတွင် ဟူတူနှင့် တွတ်စီလူမျိုးများဖြစ်သော ပြည်တွင်းစစ်၊ ဘော့စနီးယားတွင် မူဆလင်နှင့်**

**ဘာသာရေး၊ လူမျိုးရေးဆိုင်ရာ အကြောင်းအချက်များ ဖြစ်ပွားသော ပြည်တွင်းစစ် စသည် ပြည်တွင်းစစ်များ၊ သည် လူမျိုးစု ကွဲပြားခြင်းကို အကြောင်းပြု၍ ဖြစ်ပွားသော ပြည်တွင်းစစ်များဖြစ်သည်။**

**မြောက်ကိုရီးယားကွန်မြူနစ်အစိုးရနှင့် တောင်ကိုရီးယားဒီမိုကရက်တစ်အစိုးရတို့ ဝါဒရေးအရဖြစ်ပွား သော ပြည်တွင်းစစ်၊ မြောက်ဗီယက်နမ်နှင့်တောင်ဗီယက်နမ်တွင်လည်း ကိုရီးယားစစ်ပွဲနှင့် အလားတူသော စစ်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းစစ်ပွဲများသည် ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒတို့အပေါ် ဝါဒရေးကိုင်စွဲမှု ကွဲပြားခြင်းကြောင့် ဖြစ်ပွားသော ပြည်တွင်းစစ်များပင်ဖြစ်သည်။**

ယနေ့အထိ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားနိုင်ငံသည် ပေါင်းစည်း၍မရဘဲ နိုင်ငံနှစ်ခြမ်းကွဲကာ နိုင်ငံတစ်ခုချင်းအနေဖြင့် သီးသန့်ရပ်တည်နေသည်။ တောင်ဗီယက်နမ်နှင့်မြောက်ဗီယက်နမ်သည် ခေါင်းဆောင်ကြီးဟိုချီမင်း၏ စွမ်းဆောင်ချက်ကြောင့် စည်းလုံးသော ဗီယက်နမ်နိုင်ငံအဖြစ် ပေါင်းစည်းရပ်တည်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း တောင်တန်းနှင့် မြေပြန့်ခွဲခြား၍ ပြည်တွင်းစစ် ဖြစ်အောင်ဖန်တီးချက်များကို နယ်ချဲ့ ကိုလိုနီဝါဒီများကလုပ်ဆောင်ခဲ့သည်။ တဖန် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရက်တစ်၊ ဖက်ဒရယ်၊ ခွဲထွက်ရေး စသည့်တို့ကို အကြောင်းပြု၍ပြည်တွင်းစစ်များ ဖြစ်ခဲ့ကြသည်။

နိုင်ငံတွင်းဖြစ်ပွားသောစစ်ပွဲများသည် နိုင်ငံတိုင်းလိုလိုကြုံတွေ့ရသောသာဓကကို တွေ့ရသည်။ အမေရိကန်နိုင်ငံတွင် လူမည်းကျွန်များ ဖျက်သိမ်းရေး၊ မဖျက်သိမ်းရေးကို အကြောင်းပြု၍ တောင်နှင့် မြောက် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ တောင်ကိုရီယားနှင့် မြောက်ကိုရီးယား ဝါဒကိုင်စွဲမှုမတူညီမှု အပေါ်အကြောင်းပြု၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ပြည်တွင်း စစ်ဖြစ်ခဲ့သည်။ ခေါင်းဆောင်ကြီးဟိုချီမင်းက ဗီယက်နမ်ကို ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။ ထို့အတူ တရုတ်နိုင်ငံတွင်လည်း မော်စီတုံးခေါင်းဆောင်သော ကွန်မြူနစ်အစိုးရနှင့် ချန်ကေရှိတ် ဦးဆောင်သော ကူမင်တန်တပ်များ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ ချန်ကေရှိတ်တပ်များ ထိုင်ဝမ်ကျွန်းအထိ ဆုတ်ခွာခဲ့ရပြီး ထိုင်ဝမ်ကျွန်းကို ခြေကုတ်ယူ၍ အမေရိကန်တပ်များ၏ အကာအကွယ်ဖြင့် ရပ်တည်ခဲ့ ရသည်။

မြန်မာနိုင်ငံတွင် ပထစအစိုးရလက်ထက်မှစတင်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဖြစ်ပွားသောပြည်တွင်း စစ်၊ တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် အစိုးရဖြစ်ပွားသော ပြည်တွင်းစစ်များသည် ပြည်တွင်း စစ်ဖြစ်ပွားသော သာဓကကောင်းများပင် ဖြစ်သည်။

***(၆) ပုန်ကန်ထကြွမှု / တော်လှန်ရေး (Rebellion and Revolution)***

***ထိုသို့သောနောက်မှ နိုင်ငံများ၊ ဝါဒရေးကွဲပြားမှုနှင့် လူမျိုးစုကွဲပြားခြင်းကို အကြောင်းပြု၍ မကြာခဏ ဖြစ်ပွားသော အရေးအခင်းများ ဖြစ်သည်။***

**ပုန်ကန်ထကြွမှု (Rebellion)**

**ပုန်ကန်ထကြွမှုဆိုသည် Rebellion တွင် လက်နက်ကိုင်အင်အားသုံး၍ ပုန်ကန်ခြင်းမဟုတ်ချေ။ အရေးအခင်းများ။ အဓိကရုဏ်းများဖန်တီး၍ ပြည်သူလူထုကို ပြည်သူလူထုက လှုံ့ဆော်ချက်များ နည်းနိဿရည်းများ အသုံးပြု၍ ပုန်ကန်ထကြွခြင်း ကို Rebellion ဟုခေါ်သည်။**

(ပုန်ကန်ထကြွခြင်းသည် အစိုးရတစ်ရပ်ကိုပြောင်းလဲစေခြင်း၊ လူမှုဝန်းကျင်ကြီးတစ်ခုလုံးကို ပြောင်းလဲ စေခြင်း လောက် အင်အားမကြီးမားချေ။ မိမိတို့တောင်းဆိုချင်ရာတစ်ခုခုကိုသော်လည်းကောင်း၊ မိမိတို့၏ ဆန္ဒကို သော်လည်းကောင်း၊ ပြည်သူလူထုက ပြည်သူလူထုအားကို အသုံးပြု၍ ပြည်သူ အလေးထားသော အရာ တစ်ခုခုကို အဆင့်မြှင့်တင်သော Promotion ပွဲတစ်ခုနှင့် အလားသဏ္ဍာန် တူသည်။ မိမိတို့ရည်ရွယ် ဦးတည်ချက်ထားသောအရာကို ပေါ်ပြူလာဖြစ်အောင် မြှင့်တင်ခြင်းသည် Rebellion လုပ်ခြင်းပင်ဖြစ်သည်။

ပြည်တွင်းတွင်ဖြစ်ပွားခဲ့သော ဥပမာတစ်ခုကို ထုတ်ဖော်ပြရသော် ၂၀၀၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရွှေဝါရောင်တော်လှန်ရေးသည် Rebellion ပင်ဖြစ်သည်။ ၎င်းရွှေဝါရောင်တော်လှန်ရေးကို တော်လှန် ရေး (Revolution) ဟု အမည်တပ်ထားသော်လည်း အမှန်တကယ်တွင် ၎င်းသည်တော်လှန်ရေး အဆင့်မဟုတ်ချေ။ Rebellion ထကြွမှုအဆင့်သာရှိသည်။

**ဥပမာ - ဂါဇာတမ်းမြောင်တွင် ကျောင်းသားသမဂ္ဂနှင့် ခဲ့များဖြစ်ပွားသော အဓိကရုဏ်း။**

**တော်လှန်ရေး (Revolution)**

**တော်လှန်ရေးသည် အစိုးရတစ်ရပ်ကို ဖြုတ်ချခြင်း၊ လူမှုဝန်းကျင်ကြီးတစ်ခုလုံးကို ပုံသဏ္ဍာန် ရော၊ အနှစ်သာရပါ အမြန်အဟုန် နှင့် အလျင်အမြန်ပြောင်းလဲစေခြင်းဖြစ်သည်။ တော်လှန်ရေးတွင် စွမ်းရည်မြင့်တော်လှန်ရေးသမားများကို စည်းစည်းလုံးလုံး စုရုံးထားပြီး အစိုးရတစ်ရပ်ကိုဖြုတ်ချခြင်း။ လူမှုဝန်းကျင်ကို အချိန်အနည်းငယ်အတွင်းပြောင်းလဲ စေအောင်လုပ်ဆောင်သော ဆောင်ရွက်ချက်များ ကို တော်လှန်ရေးဟု အဓိပ္ပာယ်သတ်မှတ်နိုင်သည်။**

***(၇) မြင့်ထန်သောစစ်(ဝါ) တွက်ကျာစစ် (Low Intensive Warfare)***

***ကြိုကြား ကြိုကြားဖြစ်သောစစ်ဟု သတ်မှတ်နိုင်သည်။ တခါတရံမှသာ တိုက်ပွဲဖြစ်လိုက် ငြိမ်သွားလိုက်နှင့် ဖြစ်ပွားသော စစ်မျိုးကို Low Intensive Warfare ဟုခေါ်သည်။ ရံဖန်ရံခါမှသာ ဖြစ်တတ်သည်။ သို့သော် အဆုံးသတ်ရန်ခက်ခဲသည့် သဘောရှိသည်။ အတွင်းကြိတ်၍ ရန်လောင်ခြင်း သဘောဆောင်သည်။ အင်အားချို့ ထရှသော တိုက်ပွဲမျိုး၊ စစ်ပွဲမျိုးဖြစ်သည်။ အခြားသောအချိန်များ တွင် ငြိမ်းချမ်းနေသယောင် တည်ငြိမ်နေသယောင်ရှိသည်။***

*ကြိုကြားစစ်ကို ဉပမာပြရသော် ဖြိတိသျှနှင့် အိုင်းရစ်တို့ မြောက်အိုင်ယာလန်တွင်ဖြစ်ပွားသော စစ်အမျိုးအစား ကို Low intensive Warfare အဆင့်ဟု သတ်မှတ်နိုင်သည်။ ၁၉၇၀ နှင့် ၁၉၉၇ နှစ် အတွင်း ဗြိတိန်ဝန်ကြီးချုပ် ဂျွန်မေဂျာလက်ထက် IRA – Irish Republican Army နှင့် အင်္ဂလန်တို့နှင့် တိုက်သောစစ်သည် အကောင်းဆုံး ဉပမာဖြစ်သည်။ IRA တပ်မတော်သည် မမျှော်လင့်သော အချိန်တွင် ၎င်းတို့ဆန္ဒဖော်ထုတ်၍ အလိုမရှိကြောင်း သတိပေး တပ်လှန့်လိုက်သောသဘော ဖြစ်အောင် စစ်ပွဲကို ဖန်တီးလိုက်သည်။*

***စစ်တို့၏သဘောသည် ရှုပ်ထွေးသည်။ များပြားသော အမျိုးအစားမှုကွဲပေါင်းများစွာရှိသည်။ သဘာရိုးကျစစ်ပွဲနှင့် သဘာရိုးကျမဟုတ်သောစစ်ပွဲများသည် နိုင်ငံအချင်းချင်းကြားဖြစ်ပွားသော စစ်ပွဲအမျိုးအစားများဖြစ်ပြီး ပြောက်ကျားစစ်၊ ပြည်တွင်းစစ်၊ ပုန်ကန်ထကြွမှု၊ တော်လှန်ရေး၊ ကြိုကြားစစ်ပွဲများသည် နိုင်ငံတစ်ခုအတွင်း ပြည်တွင်းမှာ ပင်ဖြစ်သောစစ်ပွဲများဖြစ်သည်။***

# စစ်ရေးအင်အား

နိုင်ငံ့အင်အားကို စစ်ရေးအင်အားတောင့်တင်းခြင်း၊ အားပျော့ခြင်းဖြင့် တိုင်းတာသည်။ ကမ္ဘာ့နိုင်ငံရေးတွင် ဩဇာလွှမ်းမိုးနိုင်ခြင်းသည် စစ်ရေးအင်အားအပေါ် များစွာ မှီတည်နေသည်။ စစ်အင်အားသည် ဩဇာလွှမ်းမိုး ခြင်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုသည်။

နိုင်ငံ့ပါဝါကို အကြမ်းဖျင်းအားဖြင့် အမျိုးအစား (၄) မျိုး ခွဲနိုင်သည်။

- Superpower
- Great Power
- Middle-ranking Power
- Small Power

ဟူ၍ နိုင်ငံ့ပါဝါကို အမျိုးအစား (၄) မျိုးခွဲသည်။

ဤနေရာတွင် နိုင်ငံတစ်ခု၏ စစ်ရေးအင်အားသည် မိမိနိုင်ငံအတွင်း သာမက နယ်နိမိတ်မျဉ်းကိုပါ ကျော်လွန်၍ ဩဇာသက်ရောက်နိုင်သည်။

စစ်အေးကာလအတွင်း စူပါ ပါဝါ နှစ်နိုင်ငံသာ ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စု တို့ ဖြစ်သည်။ စူပါ ပါဝါဖြစ်ခြင်းသည် နျူကလီးယားပါဝါ ပိုင်ဆိုင်ခြင်းသည် အနိုင် အရှုံးကို ဆုံးဖြတ်ပေးမည့် ဂုဏ် ဖြဖြစ်သည်။

| Superpower | Great Power | Middle-ranking Power (or) Regional Power |
| --- | --- | --- |
| **USA**<br>**USSR** | **Britain**<br>**France**<br>**China**<br>**Israel**<br>**Russia** | **India**<br>**Pakistan**<br>**Syria**<br>**Iraq**<br>**Nigeria**<br>**Germany**<br>**Japan** |

စစ်ရေးအင်အားကို မောင်းနှင်သည့် ဖက်တာများ များစွာရှိသည်။ စစ်အင်အားကြီးမားခြင်းကို ဖြစ်စေသည့် အချက်များမှာ -

(က) စစ်သားအင်အားအရေအတွက် (သို့) လက်နက်ကိုင်အင်အားစု အရွယ်အစား

(ခ) စစ်ရေးစွမ်းရည်

(ဂ) လက်နက်အင်အား အရေအတွက်

(ဃ) စစ်ရေးအသုံးစရိတ်

(င) စစ်ရေးစွမ်းရည်မြင့်သင်တန်း (စစ်ရေးလေ့ကျင့်မှု)

(စ) စစ်ရေးစိတ်ဓာတ်/ တိုက်ရည်ခိုက်ရည် မြင့်မားခြင်း

(ဆ) ဖွဲ့စည်းပုံ (စစ်တပ်ဖွဲ့စည်းပုံ)

( ဇ) စစ်ရေးခေါင်းဆောင်မှု

စသည်ဖြင့် အချက်များစွာရှိသည်။

ဤအချက်မှာ စစ်ရေးစွမ်းရည်ထက်မြက်ခြင်းသည် အရေအတွက်တစ်ခုတည်းအားဖြင့် မသက်ဆိုင်ချေ။ အကြောင်းမှာ အရေအတွက်ဟူသည် လူသားတတိုင်းကို အားပြု၍ တည်ဆောက်ထားသော ကာကွယ်ရေး မဟာဗျူဟာဖြစ်သောကြောင့်ဖြစ်သည်။ ခေတ်သစ်တွင် စစ်သားအရေအတွက်ထက် စစ်သားတစ်ဦးချင်းစီ၏ အရည်အချင်းနှင့် စစ်ရေးစွမ်းရည်မြင့်မားခြင်းတို့သည် များစွာ အရေးပါ အရာရောက်သည်။ စစ်သည် တစ်ဦး သည် ရန်သူအရေအတွက်ကို မည်မျှအထိ ချေမှုန်းနိုင်သည် ဆိုသည့် ပေတံဖြင့် စစ်သားတစ်ဦး၏ စစ်ရေး စွမ်း ရည်ကို တိုင်းတာလေ့ရှိသည်။ ရန်သူကို များများ ချေမှုန်းနိုင်လေလေ၊ စစ်ရေးစွမ်းရည်မြင့်လေလေဟု ယေဘု ယျသတ်မှတ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စစ်ရေးအင်အား ရည်ချိန်ကို တိုင်းတာရာတွင် အောက်ပါ ညွှန်းကိန်းများဖြင့် တိုင်းတာသည်။

- စစ်သားအရေအတွက်၊
- စစ်သည်တို့၏ ကိုယ်ရည်ကိုယ်သွေး (သို့) စစ်ရေးစွမ်းရည်
- လက်နက်အရေအတွက်နှင့် လက်နက်တို့၏ အစွမ်း